Suppression of Opium dens Act 1950
(Act No IX of 1950)

# ၁၉၅၀ ခုနှစ်၊ ဘိန်းခန်းနှိပ်ကွပ်ရေးအက်ဥပဒေ။

[၁၉၅၀ ခုနှစ်၊ အက်ဥပဒေ အမှတ် ၉။] (Act No IX of 1950)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ခုနှစ်၊ ဘိန်းခန်းနှိပ်ကွပ်ရေး အက်ဥပဒေဟုခေါ်ရမည်။

အမည်တို၊ တည်ရာနယ်နှင့် စတင် အာဏာ တည်သည့်နေ့ရက်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်၍ သတ်မှတ်သည့်နေ့တွင် အတည်ဖြစ်ရမည့်အပြင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပါဝင်သော အရပ်ဒေသများကို ပိုင်းခြားပြီးလျှင်၊ နေ့ရက်များကိုခွဲခြား၍သတ်မှတ်နိုင်သည်။

၂။ ။ဤအက်ဥပဒေတွင်၊ အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက် စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင်—

အဓိပ္ပါယ်ဖော်ပြချက်။

(က) " ဘိန်း "ဆိုသည်မှာ၊ ဘေးဖြစ်စေတတ် သော ဆေး အက် ဥ ပ ဒေ (၁၉၃၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၂) ပုဒ်မ ၂(င)၌ဖော်ပြထားသည့်အဓိပ္ပါယ်အတိုင်းဖြစ်သည့်ပြင်၊ ထိုပုဒ်မ၏ အပိုဒ် (စ) (ii) တွင်အဓိပ္ပါယ်ဖော်ပြထားသောမူးယစ်ဆေးပြင်ပြီးဘိန်းလည်း ပါဝင်ရမည်။

(ခ) "ဘိန်းပြောင်း "ဆိုသည်မှာ၊ ဘိန်းရှူရန်ပြုလုပ်ထားသော အသုံးအဆောင်ကိုသော်၎င်း၊ ကိရိယာ တန်ဆာပလာကို သော်၎င်း၊ ထိုအရာတခုခု၏ အစိတ်အပိုင်းကိုသော်၎င်း ဆိုလိုသည်။

(ဂ) " နေရာ "ဆိုသောစကားရပ်တွင် အဆောက်အအုံ၊ အိမ်၊ ဆိုင်၊ ရုံ၊ တဲ၊ ဝင်းခြံ၊ ဖေါင်၊ ရေယာဉ်၊ လေယာဉ်၊ ကုန်းယာဉ်နှင့် ထိုအရာတခုခု၏အစိတ်အပိုင်းပါဝင်သည်။

(ဃ) " ရာဇဝတ်အရေးသူကြီး " ဆိုသည်မှာ၊ ပဌမတန်း အာဏာရ ရာဇဝတ်တရားသူကြီးကိုဆိုလိုသည်။

၃။ ။ဘိန်းရှူသူ၂စ်ဦး၏၊သို့တည်းမဟုတ်နှစ်ဦးထက်ပိုသူတို့၏အစုအဝေး၌ပါဝင်သောသူတို့၏ တူသောရည်ရွယ်ချက်သည်၊ဘိန်းရှူရန်ဖြစ်လျှင်၊ သို့တည်းမဟုတ် ဘိန်းရှူခြင်းအလို့ငှါ ဘိန်းကိုပြုပြင်ရန်ဖြစ်လျှင်၊ အဆိုပါ အစုအဝေးကို၊ ဤအက်ဥပဒေ၏ကိစ္စအလို့ငှါ၊ဘိန်းရှူသူအစုအဝေးဟူ၍မှတ်ယူရမည်။

ဘိန်းရှူသူအစုအဝေး။

ရှင်းလင်းချက်။ ။စုဝေးစက၊ ဘိန်းရှူသူ အစုအဝေးမဟုတ်ခဲ့သောအစုအဝေးတခုသည်၊ နောက်အခါ၌ ဘိန်းရှူသူ အစုအဝေးဖြစ်လာနိုင်သည်။

၄။ ။မည်သူမဆို၊ဘိန်းရှူသူအစုအဝေးတွင်တမင်ပါဝင်လျှင်၊သို့တည်းမဟုတ် တမင် ဆက်လက်ပါဝင်လျှင်၊ ထိုသူသည်၊ ဘိန်းရှူသူအစုအဝေးဝင်သူမည်၏။

ဘိန်းရှူသူအစုအဝေး ပါဝင်သူ။

Price,—annas 2.]

ဘိန်းပြောင်းလက်ရှိထားခြင်းကို တားမြစ်ခြင်း။

၅။ ။ဘိန်းနှင့်၊ သို့တည်းမဟုတ် ဘေးဖြစ်စေတတ်သည့် ဆေးများနှင့်စပ်လျဉ်းသော တည်ဆဲ အက်ဥပဒေအရ ခွင့်ပြုထားသည်မှ တပါး၊ ဘိန်းရှူရန်ကိစ္စအလို့ငှါအသုံးပြုပြီးဖြစ်သော၊ သို့တည်းမဟုတ် အသုံးပြုဆဲဖြစ်သော ဘိန်းပြောင်းဖြစ်ကြောင်း သိလျက်နှင့်၊ သို့တည်းမဟုတ် ထိုသို့ဖြစ်ကြောင်းယုံကြည်ရန် အကြောင်းရှိလျက်နှင့်၊ မည်သူမျှ ထိုဘိန်းပြောင်းကိုလက်ရှိမထားရ။

ဘိန်း၊ သို့တည်းမဟုတ် ဘိန်းပြောင်း တွေ့ ရှိ လျှင် မည်သို့မှတ်ယူသင့်ကြောင်း။

၆။ ။လူနှစ်ဦးဖြစ်စေ၊ နှစ်ဦးထက်ပို၍ဖြစ်စေ၊ စုဝေးသောနေရာတခုခုတွင်ဘိန်းကိုသော်၎င်း၊ ဘိန်း ပြောင်းကိုသော်၎င်း၊ ဘိန်းပြုပြင်ရာတွင် အသုံးပြုသောကိရိယာ ဟန်ဆာပလာကိုသော်၎င်း တွေ့ရှိလျှင်၊ ကိုအစုအဝေးပါဝင်သူ အသီးသီးက၊ ဘိန်းရှူရန်၊ သို့တည်းမဟုတ်ဘိန်းပြုပြင်ရန်မဟုတ်ကြောင်းသက်သေအထင်အရှား မပြနိုင်ဝါက၊ ထိုသူအသီးသီးသည် ဘိန်းရှူရန်၊ သို့တည်းမဟုတ် ဘိန်းရှူခြင်းအလို့ငှါ၊ ဘိန်းကိုပြုပြင်ရန် ထိုနေရာသို့ရောက်ရှိနေသည်ဟု မှတ်ယူရမည်။

ဘိန်းရှူသူ အစု အဝေး တွင် ပါဝင်သည့် အတွက် ပြစ်ဒဏ်။

၇။ ။မည်သူမဆို၊ ဘိန်းရှူသူအစုအဝေးပါဝင်သူဖြစ်လျှင်၊ ထိုသူအား၊ တနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ဘိန်း ပြောင်း လက်ရှိ ထား သည့် အတွက် ပြစ်ဒဏ်။

၈။ ။မည်သူမဆို၊ ဤအက်ဥပဒေပုဒ်မ ၅ ကို ဆန့်ကျင်လျက် ဘိန်းပြောင်းကို လက်ရှိထားလျှင်၊ ထိုသူအားတရာထိငွေဒဏ်ချမှတ်ရမည်။

ဘိန်းရှူသူ အစုအဝေး အတွက်အသုံးပြုသည့် နေရာ တခုခုကို ဖွင့်လှစ်ခြင်း၊ ထားရှိခြင်း၊ ထိန်းသိမ်းခြင်း အတွက်ပြစ်ဒဏ်။

၉။ ။မည်သူမဆို၊ နေရာတခုခုကို၊ ဘိန်းရှူသူအစုအဝေးအတွက်ဖွင့်လှစ်လျှင်၊ သို့တည်းမဟုတ်ထားရှိလျှင်၊ သို့တည်းမဟုတ် အသုံးပြုလျှင်၊ သို့တည်းမဟုတ်ထိုသို့ဖွင့်လှစ်ခြင်းကိုသော်၎င်း၊ ထိုသို့ထားရှိခြင်းကိုသော်၎င်း၊ ထိုသို့အသုံးပြုခြင်းကိုသော်၎င်း ခွင့်ပြုလျှင်၊ သို့တည်းမဟုတ် အထက်ဖော်ပြပါကိစ္စများအလို့ငှါ အသုံးပြုသော၊ သို့တည်းမဟုတ် ထားရှိသောနေရာတခုခု၌ ဘိန်းရှူလုပ်ငန်းကိုထိန်းသိမ်းခြင်းသော်၎င်း၊ စီမံအုပ်ချုပ်ခြင်းသော်၎င်းပြုလျှင်၊ သို့တည်းမဟုတ် ထိုဘိန်းရှူလုပ်ငန်းကို လုပ်ဆောင်ရာတွင်တနည်းနည်းကူညီလျှင်၊ ထိုသူကို နှစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၀။ ။မည်သူမဆို—

ဘိန်းရှူသူ အစုအဝေး အလို့ငှါနေရာထားရှိခြင်း အတွက်၊ သို့တည်း မဟုတ် ခွင့်ပြုခြင်းအတွက်ပြစ်ဒဏ်။

(က) ဘိန်းရှူသူ အစုအဝေးအတွက် အသုံးပြုသော နေရာကိုထားရှိလျှင်၊ သို့တည်းမဟုတ် စီမံအုပ်ချုပ်လျှင်၊ သို့တည်းမဟုတ် ထိုနေရာကို စီမံ အုပ်ချုပ်ရာတွင် ဆောင်ရွက်လျှင်၊ သို့တည်းမဟုတ် ကူညီလျှင်၊ သို့တည်းမဟုတ်

(ခ) နေရာတခုတွင် အငှါးခံယူသူသော်၎င်း၊ လက်ရှိအသုံး ပြုနေသူသော်၎င်း၊ ထိန်းသိမ်းသူသော်၎င်းဖြစ်၍ ထိုနေရာကို၊ သို့တည်းမဟုတ် ထိုနေရာ၏ အစိတ်အပိုင်းကို ဘိန်းရှူသူအစုအဝေးအတွက် အသုံးပြုရန်ဖြစ်သည်ဟု သိလျက်နှင့်ခွင့်ပြုလျှင်၊ သို့တည်းမဟုတ်

(ဂ) နေရာတခုကို အငှါးချသူသော်၎င်း၊ အငှါးချသူ၏ကိုယ်စားလှယ်သော်၎င်းဖြစ်၍ ထိုနေရာကို၊ သို့တည်းမဟုတ် ထိုနေရာ၏အစိတ်အပိုင်းကိုဘိန်းရှူသူ အစုအဝေးအတွက် အသုံးပြုခြင်းဖြစ်သည်ဟုသော်၎င်း၊ ထိုသို့အသုံးပြုရန်ဖြစ်သည်ဟုသော်၎င်း သိလျက်နှင့် အငှါးချလျှင်၊ သို့တည်းမဟုတ် နေရာတခုကို အငှါးချသူသော်၎င်း၊ အငှါးချသူ၏ ကိုယ်စားလှယ်သော်၎င်းဖြစ်၍ ထိုနေရာကို၊ သို့တည်းမဟုတ် ထိုနေရာ၏ အစိတ်အပိုင်းကို၊ဘိန်းရှူသူ အစုအဝေးအတွက် ဆက်လက်အသုံးပြုစေရန် ဘမင်သဘောတူသူလည်းဖြစ်လျှင်၊

ထိုသူကိုငါးရာထိ ငွေဒဏ်ချမှတ်ရမည်။

ဒုတိယအကြိမ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူပြစ်ဒဏ်တိုးမြှင့်စီရင်ခြင်း။

၁၁။ ။ဤအက်ဥပဒေပုဒ်မ ၇ အရဖြစ်စေ၊ ၈ အရဖြစ်စေ၊ ၉ အရဖြစ်စေ၊ ၁၀ အရ ဖြစ်စေ၊ ပြစ်မှုတခုခုအတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရဘူးသောသူသည်၊ အဆိုပါပုဒ်မတခုခုအရပြစ်မှုတခုခုအတွက်နောက်တဖန် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြန်လျှင်၊ ထိုသို့နောက်တဖန် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည့် ပြစ်မှုအတွက် ပဌမအကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူအား ချမှတ်နိုင်သော ပြစ်ဒဏ်၏ နှစ်ဆထက်မပိုသည့်ပြစ်ဒဏ်ကို ထိုသူအား ချမှတ်နိုင်သည်။

ရှာနိုင်သော ဝရမ်းနှင့် အာဏာများ။

၁၂။ ။(၁) ဤအက်ဥပဒေပါ ပြစ်မှုကျူးလွန်ရာတွင် လူတဦးတယောက်သည် ပါဝင်ခဲ့သည်ဟုသော်၎င်း၊ ပါဝင်တန်ရာသည်ဟုသော်၎င်း၊ ယုံကြည်ရန်အကြောင်းရှိလျှင်၊ ခရိုင်ကော်လိတ်တော်ကဖြစ်စေ၊ ခရိုင်ဝန်ကဖြစ်စေ၊ နိုင်ငံတော်သမတက ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းသော အရာရှိကဖြစ်စေ၊ ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ ထိုသူအားဖမ်းရန် ဝရမ်းကိုသော်၎င်း၊ ဘိန်းကိုဖြစ်စေ၊ ဘိန်းပြွောင်းကိုဖြစ်စေ ထားရှိသည်ဟု၊ သို့တည်းမဟုတ် ဖွက်သိမ်းထားသည်ဟု ယုံကြည်ရန် အကြောင်းရှိသော နေရာ၌၊ နေ့ညမရွေးရှာရန်ဝရမ်းကိုသော်၎င်း ထုတ်ပေးနိုင်သည်။

(၂) နေရာတခုခုကို ဘိန်းရှူသူအစုအဝေးအတွက် အသုံးပြုသည်ဟုသော်၎င်း၊ အသုံးပြုတန်ရာသည်ဟုသော်၎င်း၊ မိမိကိုယ်တိုင်သိသဖြင့်ယုံကြည်ရန် အကြောင်းရှိလျှင်၊ သို့တည်းမဟုတ်ထိုသို့အသုံးပြုသည်ဟုသော်၎င်း၊အသုံးပြုတန်ရာသည်ဟုသော်၎င်း၊လူတဦးကယောက်ထံမှသတင်းရရှိသဖြင့်ရေးမှတ်ထားရမည်ဖြစ်သောထိုသတင်းအရယုံကြည်ရန်အကြောင်းရှိလျှင်၊ ထိုပြင်ပုဒ်မခွဲ (၁) အရ ဝရမ်းကိုယူနေရသော်၊ ပြစ်မှုကျူးလွန်သူသည်ထွက်ပြေးခွင့်ရမည်ဟုသော်၎င်း၊ ထိုသူသည်ပြစ်မှုဆိုင်ရာသက်သေခံကိုဖွက်သိမ်းခွင့်ဖြစ်စေ၊ ဖျက်ဆီးခွင့်ဖြစ်စေရမည်ဟုသော်၎င်း ယုံကြည်ရန်အကြောင်းရှိလျှင်၊ဤကိစ္စအလို့ငှါ နိုင်ငံတော်သမတကအာဏာအပ်နှင်းသောယစ်မျိုးဌာနအရာရှိကဖြစ်စေ၊ရဲအရာရှိက

ဖြစ်စေ၊အကောက်ဌာနအရာရှိကဖြစ်စေ၊ မိမိယုံကြည်သည့်အကြောင်းပြချက်များကို ရေးမှတ်ပြီးလျှင်၊ ထိုအကြောင်းပြချက်မိတ္တူကို ရေးယူထားသော သတင်းစီရင်စုနှင့် ၀ါကွ၊ ရာထူးအားဖြင့်မိမိနှင့်အနီးဆုံးဖြစ်သောအထက်အရာရှိထံသို့အလျင်အမြန်တင်ပို့၍၊နေ့ည မရွေး—

(က) လိုအပ်သောအကူအညီကို၊ မိမိအားပေးနိုင်မည် ထင်မြင်သည့် သူနှင့်တကွ၊အဆိုပါနေရာသို့ဝင်ရောက်နိုင်သည်။

(ခ) ဘိန်းကိုဖြစ်စေ၊ ဘိန်းပြောင်းကိုဖြစ်စေ ဖုံးကွယ်သိမ်းထားသည်ဟု ထိုအရာရှိကယုံကြည်ရန်ရှိသော အဆိုပါနေရာကိုသော်၎င်း၊ အဆိုပါနေရာတွင်တွေ့ရှိသော သူ၏ကိုယ်ခန္ဓာကိုသော်၎င်းရှာနိုင်သည်။

(ဂ) အဆိုပါနေရာတွင် ဘိန်းကို၊ သို့တည်းမဟုတ်ဘိန်းရှူရန်ကိရိယာတန်ဆာပလာကို၊ သို့တည်းမဟုတ် အဆိုပါနေရာကို ဘိန်းရှူသူအစုအဝေးအတွက် အသုံးပြုကြောင်း အခြားအထောက်အထားကို တွေ့ရှိလျှင်၊ ထိုနေရာတွင် ထိုအရာရှိက တွေ့ရှိသူကို ဖမ်းနိုင်သည်။

(ဃ) အဆိုပါနေရာတွင် တွေ့ရှိသောဘိန်း၊ ဘိန်းပြောင်းနှင့် ဘိန်းရှူခြင်းအတွက်ဖြစ်စေ၊ ဘိန်းပြုပြင်ခြင်း အတွက်ဖြစ်စေ အသုံးပြုသော ကိရိယာတန်ဆာပလာအားလုံးကို သိမ်းယူနိုင်သည်။

ဝါရင်းနှင့် ရှာခြင်းကို ရာဇဝတ်ကျင့်ထုံး ဥပဒေနှင့် သက်ဆိုင်စေခြင်း။

၁၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဖော်ပြခဲ့သော ပုဒ်မနှင့်အညီ ဝါရင်းအရ ဆောင်ရွက်ခြင်း၊ ရှာခြင်းနှင့်သက်ဆိုင်စေရမည်။

၁၄။ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၂)အရ အာဏာအပ်နှင်းခြင်းခံရသောအရာရှိသည်—

စိတ် ပြုပြင် စေသော ဝင်ရောက်ခြင်း၊ ရှာခြင်း၊ သိမ်းယူခြင်း၊ ဖမ်းခြင်း အတွက်ပြစ်ဒဏ်။

(က) သင့်လျော်သော အကြောင်း မရှိဘဲ၊ နေရာတခုခုကို ဝင်ရောက်လျှင်၊ သို့တည်းမဟုတ် ရှာလျှင်၊ သို့တည်း မဟုတ် ဝင်ရောက် စေ လျှင်၊ သို့တည်းမဟုတ်ရှာစေလျှင်၊ သို့တည်းမဟုတ်

(ခ) ဤအက်ဥပဒေအရ၊ ဘဏ္ဍာတော် အဖြစ် သိမ်းယူထိုက်သော ဘိန်းကိုသော်၎င်း၊ဘိန်းပြောင်းကိုသော်၎င်း၊ သိမ်းဆည်းဟန်ဆောင်၍၊သို့တည်းမဟုတ် ရှာဟန်ဆောင်၍ တဦးတယောက်သောသူအား စိတ်ပြုပြင်စေအောင်၎င်း၊ မလိုအပ်ဘဲနှင့်၎င်း၊ ထိုသူ၏ ပစ္စည်းကို သိမ်းယူလျှင်၊ သို့တည်းမဟုတ်

(ဂ) တဦး တယောက်သော သူအား၊ စိတ်ပြုပြင်စေအောင်၎င်း၊ မလိုအပ်ဘဲနှင့်၎င်း၊ ထိုသူအားရှာလျှင်၊ သို့တည်းမဟုတ် ဖမ်းလျှင်၊ သို့တည်းမဟုတ်ချုပ်ထားလျှင်၊

ထိုအရာရှိကိုငါးရာထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

**ဖမ်းခြင်း၊ သိမ်းယူခြင်း၊ ရှာခြင်းအတွက် အစီရင်ခံခြင်း။**

၁၅။ ။(၁) မည်သည့်အရာရှိမဆို၊ ဤအက်ဥပဒေအရ ဖမ်းခြင်းဖြစ်စေ၊ သိမ်းယူခြင်းဖြစ်စေ၊ ရှာခြင်းဖြစ်စေ ပြုသည့်အခါတိုင်း၊ ထိုသို့ပြုပြီးသည့်နောက် လျင်မြန်နိုင်သမျှလျင်မြန်စွာ လေးဆယ့်ရှစ်နာရီအတွင်း၊ ထိုသို့ပြုခြင်းခံရသော လူနှင့်ပစ္စည်းကို၊ အကြောင်းစုံအစီရင်ခံစာနှင့်တကွ ဝရမ်းထုတ်ပေးသောအရာရှိထံသို့ဖြစ်စေ၊ ရာထူးအားဖြင့် မိမိနှင့်အနီးဆုံးအထက်အရာရှိထံသို့ဖြစ်စေ တင်ပို့ရမည်။

(၂) ပုဒ်မခွဲ (၁) အရ လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ တင်ပို့သဖြင့် လက်ခံရရှိသောအရာရှိသည်၊ ထိုလူအပေါ်၌သော်၎င်း၊ ထိုပစ္စည်းနှင့်စပ်လျဉ်း၍ သော်၎င်း၊ ဥပဒေအရ လိုအပ်သည့်အတိုင်း၊ လျင်မြန်နိုင်သမျှလျင်မြန်စွာ အရေးယူဆောင်ရွက်ရမည်။

**ယစ်မျိုးအရာရှိများက ပြစ်မှုများကို မေးမြန်းစုံထောက်ခြင်း။**

၁၆။ ။(၁) နိုင်ငံတော်သမ္မတသည်၊ ယစ်မျိုးရာဇဝတ်အုပ်အရာရှိထက် အဆင့်အတန်းမငယ်သော ယစ်မျိုးဌာနမှအရာရှိအား၊ ဤအက်ဥပဒေအရ ပြစ်မှုများကို မေးမြန်းစုံထောက်နိုင်ရန်၊ ရဲဌာနအုပ်ချုပ်သူအရာရှိ၏ အာဏာများကို အပ်နှင်းနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ အာဏာအပ်နှင်းခြင်းခံရသူ ယစ်မျိုးအရာရှိအား၊ ပေးသောဖြောင့်ချက်သည်၊ ဤအက်ဥပဒေအရ စွပ်စွဲခံရသူအပေါ်၌ သက်သေခံအဖြစ် မသုံးနိုင်စေရ။

**အာမခံနှင့်လွှတ်ခြင်း။**

၁၇။ ။ဤအက်ဥပဒေအရ အဖမ်းခံရသောသူသည်၊ အချုပ်အနှောင်နှင့်နေရစဉ်အတွင်း၊ အာမခံပေးလျှင်၊ ထိုသူအား အာမခံနှင့်လွှတ်ရမည်။ ထိုသို့လွှတ်သည့်အတွက် ထိုအဖမ်းခံရသူ၏ ကိုယ်တိုင်ခံဝန်ချုပ်ကိုဖြစ်စေ၊ အခြားသူ၏ခံဝန်ချုပ်ကိုဖြစ်စေ၊ ဖမ်းသူအရာရှိက မိမိ၏သဘောအတိုင်း ယူရမည်။

**ယစ်မျိုးအရာရှိများကို ကူညီခြင်း။**

၁၈။ ။ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရာတွင် ယစ်မျိုးအရာရှိက အကူအညီတောင်းပါက၊ ရဲဌာနနှင့်အကောက်ခွန်အရာရှိတိုင်းသည်၊ သင့်လျော်သော အကူအညီကိုပေးရမည်။

**ဘိန်း၊ ဘိန်းပြောင်းအစရှိသည်များကိုဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်း။**

၁၉။ ။(၁) ဤအက်ဥပဒေအရ၊ ပြစ်ဒဏ်ထိုက်သည့်ပြစ်မှုကို ကျူးလွန်သည့်အခါတိုင်း၊ ထိုပြစ်မှုကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့် ဘိန်းကိုဖြစ်စေ၊ ဘိန်းပြောင်းကိုဖြစ်စေ၊ ဘိန်းရှူခြင်းအတွက်သော်၎င်း၊ ဘိန်းပြုပြင်ခြင်းအတွက်သော်၎င်း၊ အသုံးပြုသည့် ကိရိယာ တန်ဆာပလာကို ဖြစ်စေ၊ ဘဏ္ဍာတော် အဖြစ် သိမ်းယူရမည်။

(၂) ပုဒ်မခွဲ (၁) အရ၊ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းခံထိုက်သော ဘိန်းကိုဖြစ်စေ၊ ဘိန်းပြောင်းကိုဖြစ်စေ၊ ထည့်လျက်သော်၎င်း၊ ထုပ်လျက်သော်၎င်း၊ ဖုံးအုပ်လျက်သော်၎င်း၊ တွေ့ရှိသော အရာဝတ္ထုကိုလည်း ဘဏ္ဍာတော်အဖြစ် သိမ်းယူရမည်။

**ဘဏ္ဍာတော်အဖြစ် သိမ်းယူရာတွင် လိုက်နာရန်ကျင့်ထုံး။**

၂၀။ ။(၁) ဤအက်ဥပဒေအရ၊ ပြစ်မှုကိုစစ်ဆေးရာတွင်၊ ပုဒ်မ ၁၂ အရ သိမ်းယူသည့်ပစ္စည်းသည်၊ ပုဒ်မ ၁၉ အရ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းခံထိုက်မခံထိုက်ကို၊ တရားရုံးက ဆုံးဖြတ်ရမည်။ သိမ်းယူခြင်းခံထိုက်ကြောင်း ဆုံးဖြတ်လျှင်၊ ထိုပစ္စည်းကို ဘဏ္ဍာတော်အဖြစ် သိမ်းယူစေရန်၊ ထိုတရားရုံးက အမိန့်ချမှတ်ရမည်။

(၂) ပုဒ်မ ၁၂ အရ သိမ်းယူသည့်ပစ္စည်းသည်၊ ပုဒ်မ ၁၉ အရ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းခံထိုက်သော ပစ္စည်းဖြစ်လျှင်၊ ထိုပစ္စည်းနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူကို မသိသော်လည်း၊ သို့တည်းမဟုတ် မတွေ့သော်လည်း၊ ခရိုင်ကော်လိတ်တော်ကဖြစ်စေ၊ နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှါ အာဏာအပ်နှင်းထားသည့် အခြားအရာရှိကဖြစ်စေ၊ ဘဏ္ဍာတော်အဖြစ် သိမ်းယူခြင်းခံထိုက်မခံထိုက်ကို၊ စုံစမ်း၍ ဆုံးဖြတ်ရမည်။ ထိုသို့ဆုံးဖြတ်သည့်အတိုင်း အမိန့်ချမှတ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် သိမ်းယူသည့်နေ့ရက်မှ တလမကုန်မီ၊ သို့တည်းမဟုတ် ထိုသို့သိမ်းယူသည့် ပစ္စည်းနှင့်စပ်လျဉ်း၍ ဆိုင်ပိုင်ခွင့်ရှိကြောင်း ပြောဆိုသူကိုရင်း၊ ထိုသူကတင်ပြသော သက်သေခံရှိလျှင်၊ ထိုသက်သေခံကိုရင်း၊ မကြားနာဘဲ၊ ဘဏ္ဍာတော်အဖြစ် သိမ်းယူရန်အမိန့်ချမှတ်ခြင်းကို မပြုရ။

**တရားမကြောင်း စွဲဆိုခြင်းကို ပိတ်ပင်ခြင်း။**

၂၁။ ။ဤအက်ဥပဒေအရဖြစ်စေ၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများအရဖြစ်စေ၊ သဘောရိုးဖြင့် ပြုခြင်းကြောင့်၊ သို့တည်းမဟုတ် ပြုရန်ပျက်ကွက်ခြင်းကြောင့် ပျက်စီးနစ်နာသည့်အတွက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအပေါ်၌သော်၎င်း၊ ယင်းမျိုးအရာရှိအပေါ်၌သော်၎င်း၊ မည်သည့်တရားမရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့်မရှိစေရ။

**နည်းဥပဒေပြုရန် အာဏာ။**

၂၂။ ။(၁) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှါ နည်းဥပဒေများကို ပြုနိုင်သည်။

(၂) အထူးအားဖြင့် အထက်ဖေါ်ပြပါအာဏာများ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ အောက်ပါကိစ္စများအတွက် နည်းဥပဒေများပြဋ္ဌာန်းနိုင်သည်။

(က) ဤအက်ဥပဒေအရ၊ ဘဏ္ဍာတော်အဖြစ် သိမ်းယူသည့်ပစ္စည်းများနှင့်စပ်လျဉ်း၍ အပြီးအပြတ်ဆောင်ရွက်ခြင်း။

(ခ) အရာရှိများနှင့် သတင်းပေးသူများအား ဆုချီးမြှင့်ခြင်း။

G.U.B.C.P.O.—No. 112, Min. of J.A., 28-4-50—1,500—II.